# ဝတ္ထုရှည် အဖွဲ့ငယ်၏ မှတ်ချက်

ဝတ္ထုရှည် စိစစ်ရေးအဖွဲ့သည် ယခုနှစ်အတွက် ဝတ္ထုရှည် စာအုပ်ပေါင်း ၂၅၈ အုပ် ရရှိခဲ့ပါသည်။ အစည်းအဝေးပေါင်း ၄ ကြိမ်ခေါ်ယူ၍ စာအုပ်များကို ဖတ်ရှု စိစစ်ခဲ့ရာ ဝင်းဝင်းလတ်၏ **“အချစ်၏ နောက်ဆက်တွဲစာမျက်နှာ”** စာအုပ်ကို ရွေးချယ် ရရှိခဲ့ကြပါသည်။

မြန်မာနိုင်ငံ မြေလတ်ပိုင်း မြို့ငယ်လေးတစ်မြို့၏ ဆေးရုံလေးတစ်ခုကို နောက်ခံထား၍ တစ်ခုလပ် ခွဲစိတ်ကုဆရာဝန်မကလေးတစ်ယောက်နှင့် လက်ထောက်ဆရာဝန်လေးတစ်ယောက်တို့သည် အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်ပြီး ထိုဆရာဝန်မကလေးနှင့် လက်ထောက်ဆရာဝန်ကလေးတို့၏ အချစ်ဇာတ်လမ်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဝတ္ထု၏ နောက်ခံကာလ၊ ဒေသ၊ ပါဝင်ကြသည့် ဇာတ်ဆောင် ဆရာဝန်များ။ သူနာပြုများ။ လူနာများ၏ သရုပ်မှာ ပီပြင် အသက်ဝင်လှသည်။ ထို့ထက်သော် အလွန်စေတနာကြီးသည့် ဆရာဝန်မလေး၏ စောင့်စည်းအပ်သော ကျင့်ဝတ္တ မိခင်ဝတ္တရား သမားကောင်းတို့၏ စေတနာနှင့် ဂုဏ်သိက္ခာဖြင့် သတ္တိ ပြန်လည်နိုးကြားလာသည့် အချစ်စိတ်တို့ကို ဇာတ်လမ်းဖြင့် သရုပ်ဖော်ရာတွင် စာရေးသူ၏ ကလောင်သည် အလွန်ထက်မြက်၍ စာဖတ်သူအား ဝတ္ထုနောက်သို့ ဆွဲခေါ်သွားနိုင်သည်။

ရှားရှားပါးပါး ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်၍ အမျိုးသားစာပေဆုနှင့် ထိုက်တန်ကြောင်း ထောက်ခံပါသည်။